# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၃၀ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၈)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၁၀ ခုနှစ် ဇူလိုင် ၃၀ရက်တွင်ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

## ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ ည ၇နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။



အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ခေတ္တ သံရုံးယာယီတာဝန်ခံတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါလာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး၊

***စာမျက်နှာ ၃ ကော်လံ ၁***

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၃၀ ရက်)

# စက်မှုနိုင်ငံသို့ အရောက်လှမ်းနိုင်ရေး ကြိုးပမ်းဖော်ဆောင်

ယခုအခါ နိုင်ငံတော်တစ်ဝန်း စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို တည်ထောင်လျက် နိုင်ငံတော်ပိုင်စက်ရုံ အလုပ်ရုံများသာမက ပုဂ္ဂလိက စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးရေးအားပေးလုပ်ကိုင်လျက်ရှိသည်။ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ စက်ရုံ အလုပ်ရုံများကို ပိုမိုတိုးချဲ့ တည်ထောင်လုပ်ကိုင်လာလျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ရာ၌ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် စက်မှုဇုန်များထူထောင်ပေးပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးကို နိုင်ငံတော်မှ အားပေးလျက်ရှိခဲ့ရာ ယနေ့အထိ စက်မှုဇုန်(၁၈)ဇုန် ထူထောင်ပေးနိုင်ခဲ့သည်။ ၄င်းတို့မှာ မန္တလေးစက်မှုဇုန်၊ မြင်းခြံစက်မှုဇုန်၊ ရန်ကုန်(အရှေ့ပိုင်း)ခရိုင်စက်မှုဇုန်၊ ရန်ကုန်(အနောက်ပိုင်း)ခရိုင်စက်မှုဇုန်၊ ရန်ကုန်(တောင်ပိုင်း)ခရိုင်စက်မှုဇုန်၊ ရန်ကုန်(မြောက်ပိုင်း)ခရိုင်စက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်၊ မော်လမြိုင်စက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီးစက်မှုဇုန်၊ ရေနံချောင်းစက်မှုဇုန်၊ ပုသိမ်စက်မှုဇုန်၊ မြိတ်စက်မှုဇုန်၊ ပြည်စက်မှုဇုန်၊ ပခုက္ကူစက်မှုဇုန်နှင့်ကလေးစက်မှုဇုန်တို့ဖြစ်ကြသည်။

စက်မှုနိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ရန် စိုက်ပျိုးရေးကိုအခြေခံသောစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုထုတ်ကုန်များ အရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာအမည်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်ရေးတို့အပေါ် အခြေခံလျက်ရှိသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် အရေးပါလျက်ရှိရာ စက်မှုဆိုင်ရာ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်၍ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ယခုအခါ စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ စက်မှုသင်တန်းကျောင်း(မန္တလေး)၊ စက်မှုသင်တန်းကျောင်း(သာဂရ)၊ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တို့မှ စက်မှုအတတ်ပညာရှင်များ သင်ကြားမွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံပိုင်စက်ရုံများသာမက ပုဂ္ဂလိက စက်ရုံများကိုလည်း အားပေးလျက်ရှိရာ စက်မှုနိုင်ငံသို့ အရောက်လှမ်းနိုင်ရန် စက်မှုအတတ်ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များကပါ ပိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ဇူလိုင် ၇ရက်က ကျင်းပသည့် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ပထမဆုရ အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း တည်ဆောက်ရေး
## ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ လှိုင်သာယာ-အလုံ ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော် တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

**တာဝန်ယူတည်ဆောက်**

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် လှိုင်သာယာ-အလုံ ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော် တာဝါတိုင် (RCS-2)River Crossing Suspension No. 2 သို့ ရောက်ရှိပြီး Bored Pile တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် Bored Pipe သံခြင်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် 230/66/11 KV (200 MVA) အလုံ ဓာတ်အားခွဲရုံ Control Building နှင့် Switch Yard တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လပွတ္တာမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

လပွတ္တာ ဇူလိုင် ၂၉

လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ရက် နံနက် ၈နာရီက (၃)မိုင်မြို့သစ်ဂေါက်ကွင်း၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းနိုင်က သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အစားထိုးသစ်ပင်များ စိုက်ပျိုးရခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား အကျိုးပြုပုံများကို ရှင်းလင်းပြောကြားသည်။

**စုပေါင်းစိုက်ပျိုး**

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြပြီး ကျွန်း၊ မဟော်ဂနီ၊ မာလာလူးကား၊ ယူကလစ်၊ အော်ရေးရှား၊ စိန်ပန်းနှင့် စွယ်တော်ပင် စသည့်ပျိုးပင်ပေါင်း ၂၀၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ အစည်းအဝေးကို ဩဂုတ် ၁၃ရက်(သောကြာနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ်သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၁၀ (သောကြာနေ့ )

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့** တရားတော် (အရှင်ခေမာသိရီလင်္ကာရ ရွှေပြည်ဟိန်းဆရာတော်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ပန်းချီပြခန်း (ဆရာဦးမြအေး အမှတ်တရ ပန်းချီပြပွဲ)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၂)
- ၈:၃၀ Sports World
- ၈:၅၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ဇော**
- ၉:၀၅ Activities in the City (Health Care Group ၏ ဒုတိယအကြိမ် နှစ်ပတ်လည် အခမ်းအနား)
- ၉:၂၅ မျက်စိရောဂါများအတွက် Myanmar Eye Centre
- ၉:၄၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီစံရှားတင်) (အပိုင်း-၂)
- ၁၀:၄၀ တစ်ဦးချင်းဖွံ့ဖြိုးမှုမှသည် အမျိုးသား အကျိုးစီးပွားဖွံ့ဖြိုးမှုဆီ….
- ၁၀:၅၅ Say it in English
- ၁၁:၁၅ သက္ကဝတီဂျိုးဖြူသာသနာပြု ဆရာတော်ကြီး၏ သက်တော် (၈၂)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ
- ၁၁:၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
- ၁၂:၀၀ ရတနာရွှေသိုက်
- ၁၂:၀၅ VJ Choice
- ၁၂:၃၅ **သတိတစ်ချက်၊ တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၂:၄၅ Activities in the City (Health Care Group ၏ ဒုတိယအကြိမ် နှစ်ပတ်လည် အခမ်းအနား)
- ၁:၀၀ **မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့** တရားတော် (အရှင်ခေမာသိရီလင်္ကာရ ရွှေပြည်ဟိန်းဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် နေဆန်းနှင့် တွေ့ဆုံခြင်း)
- ၃:၁၅ တစ်ဦးချင်းဖွံ့ဖြိုးမှုမှသည် အမျိုးသား အကျိုးစီးပွားဖွံ့ဖြိုးမှုဆီ….
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၂)
- ၄:၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄:၄၅ မျက်စိရောဂါများအတွက် Myanmar Eye Centre
- ၅:၀၅ နာဂစ်အလွန် ဝါးနည်းပညာနဲ့ ဆောက်လုပ်ထားတဲ့ အမရာမှ စာသင်ကျောင်းအလှူ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ World of Knowledge (Seconds From Disaster: Alpine Tsunami)
- ၇:၁၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာ မျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် နေဆန်းနှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၂)
- ၁၀:၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ဇော**
- ၁၀:၂၀ ပန်းချီပြခန်း (ဆရာဦးမြအေး အမှတ်တရ ပန်းချီပြပွဲ)
- ၁၀:၃၀ သက္ကဝတီဂျိုးဖြူသာသနာပြု ဆရာတော်ကြီး၏ သက်တော် (၈၂)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ
- ၁၀:၅၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာ မျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
- ၁၁:၁၅ နာဂစ်အလွန် ဝါးနည်းပညာနဲ့ ဆောက်လုပ်ထားတဲ့ အမရာမှ စာသင်ကျောင်းအလှူ
- ၁၁:၄၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၀၅ ကျိုးသဲမြို့မှ စည်းလုံးချည်
- ၁၂:၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## သင့်သွေးဖြင့် အသက်ကယ်ပါ

● ရှေ့ဖုံးမှ

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့်ဇနီး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

# နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(စနေနေ့-နံနက်+နေ့လယ်+ည)**
**၃၁-၇-၂၀၁၀**

၇:၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက်
၇:၀၅ နိုင်ငံတော်သီချင်း + ကြေညာချက် တရားတော် **(အနတ္တလက္ခဏာသုတ္တန် တရားတော်)**
၇:၃၀ ဓမ္မပူဇာတေးပဒေသာ
၇:၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (လေးပါးလေးဖြာမှတ်စရာ) တေးပဒေသာ ဘဝအသွင်ကဗျာ့အမြင် (အလင်းလမ်း) တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ကလေးများအတွက် တေးကဗျာ-အလင်းရှင်ကဗျာ)
၁၁:၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ **(စိန်လွန်တူးသမားနှင့် စိန်နှလုံးသားပိုင်ရှင်)** တေးပဒေသာ
၁၂:၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၀)
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ရိုးရာမပျက်တဲ့ မိုးဇာဖြော)
၁၂:၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (နဝမတန်း-စာရိတ္တနှင့်ပြည်သူ့နီတိ) တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကမ္ဘတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ တေးပဒေသာ
၁၉:၁၅ သူ့အကြိုက်သူ့အသွင် (ရိုးမိုး)
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်လည်းဝင် အဆိပ်ဖြေဆေးတစ်ပင်) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း ၂၀၁၀ခုနှစ် ဩဂုတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ Radio Internet (22)
၂၁:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည် မကွေးတိုင်းအတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည် (မကွေးတိုင်းတာဝန်ခံ)သည် ဇူလိုင် ၁၂ရက်က မကွေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်း၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းစည်းဝေးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ခရိုင်အလိုက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ထပ်မံတွေ့ဆုံ၍ မဲရုံပြုလုပ်မည့်နေရာနှင့် အဆောက်အအုံ၊ မဲရုံနယ်မြေများ ပိုင်းခြားသတ်မှတ်မှု၊ မဲရုံအရေအတွက် သတ်မှတ်မှုများနှင့် စပ်လျဉ်း၍ ဇူလိုင် ၁၄ရက်အထိ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဇူလိုင် ၁၅ရက်တွင် မကွေးခရိုင်အတွင်းရှိ မကွေး၊ ရေနံချောင်းနှင့် ချောက်မြို့နယ်တို့၌လည်းကောင်း၊ ဇူလိုင် ၁၆ရက်တွင် နတ်မောက်၊ မြို့သစ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၌လည်းကောင်း တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ လိုက်ပါလျက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်အတူ မဲရုံပြုလုပ်မည့်နေရာ အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ (၄၆)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၄၀)အနက် ပါတီ (၃၉) ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများနှင့် ဗီဒီယိုအခြေခံအဖွဲ့များအား ဦးဆောင်ညွှန်ကြားရေးမှူး တွေ့ဆုံမှာကြား

**ရန်ကုန် ဇူလိုင် ၂၉**

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် ဇူလိုင် ၂၇ရက် နံနက် ၁၀နာရီက မန္တလေးမြို့ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာနမှ ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မီးဘေးလုံခြုံရေး ဂရုပြုဆောင်ရွက်ရန်စသည်ဖြင့် မှာကြားသည်။

**မှာကြား**

ထို့နောက် မန္တလေးတိုင်း တိုင်းဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ မန္တလေးခရိုင်အတွင်းရှိ ခုနစ်မြို့နယ်မှ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲ အမှုဆောင်အဖွဲ့ဝင်များ၊ ဗီဒီယိုဖြန့်ချိရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ခိုးကူးခွေ၊ ပွားခွေများ ပပျောက်ရေးအတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်နှင့် ဗီဒီယိုအခြေခံအဖွဲ့ အဆင့်ဆင့်တို့မှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဖော်ထုတ် ဆောင်ရွက်သွားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဦးဆောင်ညွှန်ကြားရေးမှူးသည် ဇူလိုင် ၂၈ရက်တွင် မန္တလေးမြို့ပေါ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ နှစ်ရှည် ငှားရမ်းထားသော ရုပ်ရှင်ရုံ ငါးရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် မန္တလေးတိုင်း တိုင်းဗီဒီယို အခြေခံအဖွဲ့ခွဲ၊ မန္တလေးခရိုင်အတွင်းရှိ ခုနစ်မြို့နယ်မှ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲ အမှုဆောင်အဖွဲ့ဝင်များ၊ ဗီဒီယိုဖြန့်ချိရေး လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)





# အိုင်တီနည်းပညာသင်တန်းသစ်များ မြန်မာအင်ဖိုတက်ခ်၌ ဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၉**

Myanmar WWW Institute ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ အိုင်တီအခြေခံသင်တန်း၊ ကွန်ပျူတာ Hardware နှင့် Network အခြေခံသင်တန်း၊ Website ရေးဆွဲနည်း သင်တန်းများကို ဩဂုတ်လ ပထမပတ်မှ စတင်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အခြေခံကောင်းများရရှိလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ကြောင်း သိရှိရသည်။

**ပါဝင်မည်**

အိုင်တီအခြေခံသင်တန်းတွင် Microsoft Windows စနစ်ကို ကျွမ်းကျင်စွာအသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာနားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အင်တာနက်နှင့် အီးမေးလ် အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တက်ရောက်သင်ကြားရမည်ဖြစ်သည်။

ကွန်ပျူတာ Hardware နှင့် Network အခြေခံသင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်းပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP ၏ ဆောင်ရွက်ချက်တို့အပြင် System Installation Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည် ဖြစ်သည်။ သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် လေးရက် (တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ) တက်ရောက်သင်ကြားရမည်ဖြစ်သည်။

**ရွေးချယ်တက်ရောက်နိုင်**

Website ရေးဆွဲနည်းသင်တန်းတွင် Website တစ်ခုအား ဖန်တီးပုံကို အခြေခံမှစပြီး ကျွမ်းကျင်အဆင့်အထိရောက်အောင် သင်ကြားပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ ဘာသာရပ်များ၏ Exam များ၊ Assignment များ၊ Project များကို သင်တန်းသားများအား ကိုယ်တိုင်ပြုလုပ်စေခြင်းဖြင့် ပိုမိုတတ်ကျွမ်းနားလည်စေမည် ဖြစ်သည်။ သင်တန်းချိန်များမှာ စနေ၊ တနင်္ဂနွေ တစ်ချိန်နှင့် အင်္ဂါ၊ ကြာသပတေး တစ်ချိန်ရှိပြီး မိမိနှင့် အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်သည်။

သင်တန်းသုံးမျိုးလုံးတွင် တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute တည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၆၅၂၂၈၈ နှင့် ၅၂၁၁၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

**ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ပဲခူး-အထက်စီးတီး(အနောက်)လမ်းပေါ်ရှိ အမှတ်(၂) သစ်သားတံတား တည်ဆောက်ထားရှိမှုကို ဇူလိုင် ၁၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှုတို့ ရှင်းလင်းတင်ပြကြစဉ်။**
(မြို့နယ်စည်ပင်)



# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၃၀-၇-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အဂ္ဂံဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၁၅ ၇။ နေပြည်တော်ရေပန်းဥယျာဉ်
၈:၃၀ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ **ချစ်တတ်ကြရအောင်**
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၅ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သချာင်္အထူးပြု) (ဒဿနိကဗေဒ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၁၀ ၈။ အတီးပြိုင်ပွဲ
၅:၁၅ ၉။ တေးဂီတအစီအစဉ်
၅:၃၀ ၁၀။ **ရိုးသားဖြူစင် ကလေးတို့အသွင်**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆုံးလွမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၁)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ဘဝကိုယ်စီ အလှကိုယ်စီ** ဝင်းဝင်းအောင်(မြို့မ) သရုပ်ဆောင်-ပပဝင်းခင် တေးရေး-ကိုရွှန်းမြိုင်(မြို့မ)
၁၉။ လျှပ်တစ်ပြက်ဟာသများ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမပိုင်း) (အပိုင်း-၈)
၂၁။ သီချင်းချစ်သူ **ဆောင်းဦးလှိုင်**
၂၂။ အစီအစဉ်ပြီး၏။

# နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသသည့်
# အီရန်ရှိ အကြီးဆုံးအာကာသအဝေးကြည့်မှန်ပြောင်း

တီဟီရန် ဇူလိုင် ၂၉

**အီရန်နိုင်ငံသည် နည်းပညာနယ်ပယ်၌ တိုးတက်အောင်မြင်မှုရှိကြောင်း ဖော်ညွှန်းပြသနိုင်သည့် အလွန်ကြီးမားသော အာကာသအဝေးကြည့် မှန်ပြောင်းတစ်ခုကို ဇူလိုင် ၂၈ရက်၌ အောင်မြင်စွာ ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။**



**တည်ဆောက်**

ယင်း အာကာသအဝေးကြည့်မှန်ပြောင်းကြီးကို အီရန်နိုင်ငံ ရှိပါရီဂန်မြို့လယ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ အာကာသအဝေးကြည့်မှန်ပြောင်းကြီး (ဓာတ်ပုံ) ဖွင့်ပွဲအခမ်းအနားသို့ အီရန် ဒုတိယသမ္မတ ရီဇာရာဟီမီ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

**ကုန်ကျ**

အဆိုပါ အာကာသအဝေးကြည့်မှန်ပြောင်းကို အမေရိကန်ဒေါ်လာ ၈၀၀၀၀ အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်ပြီး အာကာသရေးရာနှင့် စစ်ဘက်ရေးရာ နယ်ပယ်များအတွက် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။

**လွှတ်တင်မည်**

အီရန်သမ္မတ အာမက်ဒီနီဂျက်က အီရန်နိုင်ငံသည် သိပ္ပံနည်းပညာများ အောင်မြင်တိုးတက်နေပြီဖြစ်ရာ ၂၀၁၉ ခုနှစ်၌ အာကာသသို့ လူလိုက်ပါသည့် ပထမဆုံး အာကာသလွန်းပြန်ယာဉ် လွှတ်တင်မည်ဟု ပြောကြားသည်။**(အင်တာနက်)**

# အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင် ၂၀၀၀ ဆိုမာလီသို့ ထပ်မံစေလွှတ်မည်

*ကမ်ပါလာ ဇူလိုင် ၂၉*

*ဆိုမာလီနိုင်ငံအတွင်း စစ်သွေးကြွ အကြမ်းဖက်မှုများ တိုးပွားလာခြင်းကို တုံ့ပြန်ရန် မဟာဗျူဟာ ချမှတ်မှုတစ်ရပ်အဖြစ် အာဖရိကသမဂ္ဂ(အေယူ)က နောက်ထပ်တပ်ဖွဲ့ဝင် ၂၀၀၀စေလွှတ်ခြင်းဖြင့် ဆိုမာလီဆိုင်ရာ လုပ်ငန်းတာဝန်ဆောင်ရွက်မှုကို အားဖြည့်ပေးရန် အေယူခေါင်းဆောင်များက ဇူလိုင် ၂၉ရက်၌ အာမခံလိုက်သည်။*

*ဆုံးဖြတ်*

*ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့၌ကျင်းပသည့် အေယူထိပ်သီးအစည်းအဝေးကို ဇူလိုင် ၂၇ရက်က အဆုံးသတ်လိုက်ပြီး ဆိုမာလီနိုင်ငံ၌ လောလောဆယ် စေလွှတ်ထားသည့် ယူဂန္ဒာနှင့် ဘူရွန်ဒီ တပ်ဖွဲ့ဝင် ၆၀၀၀ အပြင် ထပ်မံအင်အားဖြည့်ရန် ညီလာခံတက်ရောက်လာသည့် ကိုယ်စားလှယ်များက ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။*

*ဆိုမာလီနိုင်ငံ၌ အာဖရိကသမဂ္ဂ (အေယူ)ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်နှင့် ပတ်သက်၍ အသုံးစရိတ် တိုးချဲ့သုံးစွဲရေးအဆိုကိုလည်း အေယူထိပ်သီးအစည်းအဝေးက အတည်ပြုလိုက်ကြောင်း အီသီယိုးပီးယားနိုင်ငံခြားရေးဝန်ကြီး ဆေယုမ်က ပြောကြားသည်။*

*(အင်တာနက်)*

# အစ္စရေးဝန်ကြီးချုပ် ဂျော်ဒန်သို့ ရုတ်တရက်သွားရောက်

အမ္မန် ဇူလိုင် ၂၉

**တိုက်ရိုက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပါလက်စတိုင်းတို့ လက်ခံလာစေရန် အမေရိကန်အစိုးရနှင့် အစ္စရေးအစိုးရတို့ ဖိအားပေးကြိုးပမ်းနေစဉ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိလာသည်။**

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့သို့ ဇူလိုင် ၂၆ရက်က ရုတ်တရက် ရောက်ရှိလာသည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အမေရိကန်ကြားဝင်ဆောင်ရွက်ပေးသည့် သွယ်ဝိုက်ဆွေးနွေးပွဲအစား တိုက်ရိုက် စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်၍ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ၏ ထောက်ခံမှုရရှိရန် စည်းရုံးကြိုးပမ်းခဲ့သည်။

**ပြောကြား**

နှစ်နိုင်ငံဖြေရှင်းရေး ဦးတည်သည့် ထိရောက်သော တိုက်ရိုက်စေ့စပ်ဆွေးနွေးပွဲများ ပြုလုပ်ရန်လိုအပ်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် နှစ်နာရီကြာ တွေ့ဆုံစဉ် အစ္စရေးဝန်ကြီးချုပ်က အလေးအနက် ပြောကြားသည်။ တိုက်ရိုက်ဆွေးနွေးပွဲများသည် ၂၀၀၈ ခုနှစ်ကုန်ပိုင်းတွင် ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ ပစ်ခတ်တိုက်ခိုက်သဖြင့် ပျက်ပြားခဲ့ရသည်။ တိုက်ရိုက် မဆွေးနွေးမီ အရေးကြီးပြဿနာများကို ဖြေရှင်းပေးရန် ပါလက်စတိုင်းတို့က တောင်းဆိုထားသည်။ **(အင်တာနက်)**



# အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်
# နှစ်ဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

*ဟီလီနာ ဇူလိုင် ၂၉*

*အမေရိကန်နိုင်ငံ မွန်တာနာမြို့တွင် ဇူလိုင် ၂၇ရက်က အင်အားပြင်းထန်သည့် လေဆင်နှာမောင်းတိုက်ခတ်သွားရာ နှစ်ဦးသေဆုံးပြီး နေအိမ်အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း အမေရိကန်အရာရှိများက ဇူလိုင် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။*

*တိုက်ခတ်*

*ယင်းလေဆင်နှာမောင်းသည် ဇူလိုင် ၂၇ရက် နံနက် ၇နာရီ ၁၅မိနစ်က တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီလျှင် မိုင် ၁၅၀နှုန်း တိုက်ခတ်ခဲ့သည်။ လေဆင်နှာမောင်း အရွယ်အစားမှာ အကျယ်နှစ်မိုင်ခန့်ရှိသည်။*

*ယခုလေဆင်နှာမောင်း တိုက်ခတ်မှုသည် ၁၉၂၃ ခုနှစ်မှစတင်ကာ မွန်တာနာမြို့၌ တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းများတွင် စတုတ္ထမြောက်အပြင်းထန်ဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ (အပေါ်ပုံ) (အင်တာနက်)*

# ပါလက်စတိုင်း၌ ကျေးရွာများ ဖျက်ဆီးခံရ

ဂျေရုဆလင် ဇူလိုင် ၂၉

အစ္စရေး လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ပါလက်စတိုင်းရှိ နီဂက်သဲကန္တာရအတွင်း နေထိုင်သည့် ဘီဒူယင် အာရပ်လူမျိုးများအား တိုက်ခိုက်ပြီး ကျေးရွာကို ဖျက်ဆီးလိုက် သည့်အတွက် ကျေးရွာသူကျေးရွာသား ၃၀၀ခန့် အိုးအိမ်မဲ့ဘဝသို့ ကျရောက်သွားကြရသည်။

**ရောက်လာ**

တစ်ရွာလုံးကို မြေထိုးစက်ဖြင့် ဖြိုဖျက်ပစ်ရန် အင်အား ၁၅၀၀ ကျော်ရှိ အစ္စရေးရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၇ရက် နံနက် မိုးမလင်းမီ အယ်အာရပ်ကျေးရွာသို့ ရောက်လာကြကြောင်း လူ့အခွင့်အရေး လှုပ်ရှားသူများ၏ ပြောပြချက်အရ သိရသည်။

**အဖမ်းခံရ**

ရွာသားများပိုင်ဆိုင်သည့် နေအိမ်များကို အစ္စရေးရဲတပ်ဖွဲ့ဝင်များက ဖြိုချပြီး သံလွင်ပင်ရာပေါင်းများစွာကိုလည်း ဖျက်ဆီးပစ်လိုက်သည်။ လေးဦးခန့်ဒဏ်ရာ ရပြီး အချို့ရွာသားများ အဖမ်းခံလိုက်ရသည်ဆို၏။

**(အင်တာနက်)**

# အာဖဂန်တွင် လမ်းဘေးဗုံးပေါက်ကွဲ လူ ၂၀သေဆုံး

**ကဘူးလ် ဇူလိုင် ၂၉**

အာဖဂန်နိုင်ငံ အနောက်တောင်ပိုင်း နီမာဇာပြည်နယ်တွင် ဇူလိုင် ၂၇ရက် နံနက်ပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးထိမှန်ခဲ့သဖြင့် လူ ၂၀သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ ဖယ်ရာပြည်နယ်အနီး ဘိုရာဒေသနှင့် ဒီလာရမ်ဒေသအကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအများအပြားမှာ ကလေးငယ်နှင့် အမျိုးသမီးများဖြစ်ကြကြောင်း နီမာဇာပြည်နယ်အုပ်ချုပ်ရေးမှူး အေဇက်က ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်ပို့ဆောင်ပေးခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**



တရုတ်နိုင်ငံ စီကျန့်မြို့တွင် မိုးသည်းထန်ပြီး ရေလွှမ်းခဲ့ရာ ကလေးငယ်နှစ်ဦးအား ကယ်ဆယ်ရေးအဖွဲ့ဝင်များ ခေါ်ဆောင်လာသည်ကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ဗင်နီဇွဲလား နယ်စပ်ဒေသ တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထား

**ကရာကက် ဇူလိုင် ၂၉**

တောင်အမေရိကနှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာမှုကြောင့် ကိုလံဘီယာနှင့် ဗင်နီဇွဲလား နယ်စပ်ဒေသတစ်လျှောက် ဗင်နီဇွဲလားနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားသည်ဟု ဇူလိုင် ၂၈ရက်က ၎င်းနိုင်ငံအမျိုးသားလုံခြုံရေးတပ်ဖွဲ့ ပြည်နယ်တပ်မှူးက ပြောကြားသည်။

**စေလွှတ်**

ကိုလံဘီယာနိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားမှုကြောင့် နယ်စပ်ဒေသတစ်လျှောက်သို့ ကရာကက်မြို့မှ ဗင်နီဇွဲလားတပ်ဖွဲ့ဝင် ၁၀၀၀ခန့် စေလွှတ်လျက်ရှိသည်။

ဗင်နီဇွဲလားနိုင်ငံ၏ နယ်စပ်လုံခြုံရေးအတွက် အားဖြည့်ကူညီရန် တပ်ဖွဲ့ဝင် ၉၈၀မှ တပ်ဖွဲ့ဝင် ၁၀၀၀အထိတိုးမြှင့်ချထားသည်။ သို့သော် စစ်ဆင်ရေးတိုက်ပွဲများ တပ်လှန့်ထားရှိမှုကို ရပ်ဆိုင်းထားသည်ဟု ဇူလိုင် ၂၈ရက်တွင် ဗင်နီဇွဲလားနိုင်ငံ အမျိုးသားလုံခြုံရေးတပ်ဖွဲ့မှ ပြည်နယ်တပ်မှူး၏ ပြောကြားချက်ကို ရိုက်တာက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

# ကမ္ဘာ့အကြီးဆုံး အပျော်စီးသင်္ဘောကြီးအီပစ် ခရီးသည် ၄၀၀၀ဖြင့် ဟွန်ဒူးရပ်စ်သို့ ဆိုက်ရောက်

ရိုရာတန် ဇူလိုင် ၂၉

ကမ္ဘာပေါ်တွင် အကြီးမားဆုံး အပျော်စီးသင်္ဘောကြီးများတွင် တစ်စင်းအပါအဝင်ဖြစ်သည့် အီပစ်အမည်ရှိ ဇိမ်ခံအပျော်စီးသင်္ဘောကြီးသည် ဟွန်ဒူးရပ်စ်နိုင်ငံ ရိုရာတန်မြို့ ဆိပ်ကမ်းသို့ ဇူလိုင် ၂၈ရက်က ဆိုက်ရောက်လာခဲ့သည်။ (ဓာတ်ပုံ)

**ပိုင်ဆိုင်**

အီပစ် ဇိမ်ခံအပျော်စီးသင်္ဘောကြီးကို နော်ဝေးနိုင်ငံ ခရုစ်သင်္ဘောလိုင်း(အင်န်စီအယ်လ်)က ပိုင်ဆိုင်ပြီး ဥရောပရေလမ်းခရီးစဉ်များကို အထူးအစီအစဉ်များဖြင့် ခုတ်မောင်းပြေးဆွဲပေးနေခြင်းဖြစ်သည်။

အီပစ်သင်္ဘောကြီးသည် ခရီးသည် ၄၀၀၀ကို တင်ဆောင်ကာ ဟွန်ဒူးရပ်စ်နိုင်ငံ ရိုရာတန်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခြင်းမှာ ဟွန်ဒူးရပ်စ်နိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီး နေလီဂျီရက်ဖ်၏ ဆော်ဩမှုအရ ဖြစ်ကြောင်း သိရသည်။ ဟွန်ဒူးရပ်စ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကထက် ယခု ၂၀၁၀ခုနှစ်၌ အပျော်စီးသင်္ဘောများမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသည် ၈၀၀၀၀၀ခန့် ရောက်ရှိရန် မျှော်မှန်းထားသည်။

**စုံလင်စွာပါရှိ**

အီပစ်ဇိမ်ခံအပျော်စီးသင်္ဘောကြီးတွင် အပန်းဖြေဥယျာဉ်၊ အားကစားကွင်း၊ စားသောက်ဆိုင်၊ ကုန်ပဒေသာဆိုင်၊ ဖျော်ဖြေရေးခန်းမနှင့် ရေကူးကန် စသည်တို့ စုံလင်စွာပါရှိကြောင်း သိရသည်။ **(အင်တာနက်)**





# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## အီရန်က နျူကလီးယားအစီအစဉ်ဆွေးနွေးရန် အသင့်ရှိဟုပြောကြား

*အီရန်၏နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ တာဝန်ရှိသူများနှင့်ဆွေးနွေးရန် အသင့်ရှိကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဇူလိုင် ၂၉ရက်၌ ပြောကြားလိုက်သည်။*

## ဂါဇာမြို့ကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

*အစ္စရေးတိုက်လေယာဉ်နှစ်စင်းသည် ပါလက်စတိုင်းရှိ ဂါဇာမြို့အနောက်ပိုင်းကို ဇူလိုင် ၂၉ရက်က ပစ်ခတ်တိုက်ခိုက်ကြောင်း၊ ပါလက်စတိုင်းနှစ်ဦးသေဆုံးခဲ့ပြီး နေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း ပါလက်စတိုင်းတို့က သတင်းထုတ်ပြန်သည်။*

## မလက္ကာရေလက်ကြား၌ ကယ်ဆယ်ရေးသင်္ဘောထားရှိမည်

*မလက္ကာရေလက်ကြား၌ သွားလာနေသောသင်္ဘောများအား သဘာဝဘေးအန္တရာယ်နှင့်မတော်တဆ ဖြစ်ရပ်များအတွက် အကူအညီပေးရန် ကယ်ဆယ်ရေးသင်္ဘောထားရှိရေး စီစဉ်လျက်ရှိကြောင်း မလေးရှားအရာရှိများက ဇူလိုင် ၂၉ရက်၌ ပြောကြားသည်။*

## အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်ကမ်းလွန်၌ ဇူလိုင် ၂၉ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၄အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။*

## အမေရိကန် စစ်ဘက်ကုန်တင်လေယာဉ်ပျက်ကျ

*အမေရိကန်နိုင်ငံ အလာစကာပြည်နယ် အီလ်မင်ဒေါ့ဖ်လေတပ်အခြေစိုက်စခန်းအနီး ဇူလိုင် ၂၉ရက်က အမေရိကန်စစ်ဘက်ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာသူလေးဦးကိုကယ်ဆယ်နိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)*



## ပီရူးနိုင်ငံ လီမာမြို့အနီး လေယာဉ်ပျက်ကျ

*ပီရူးနိုင်ငံ လီမာမြို့အနီးတွင် ဇူလိုင် ၂၉ရက် နံနက်က လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦး သေဆုံးခဲ့ကြောင်း ပီရူးအရာရှိများက ပြောကြားသည်။*

## မက္ကဆီကိုကမ်းလွန်၌ မုန်တိုင်းဖြစ်ပေါ်နေ

*မက္ကဆီကိုကမ်းလွန် မက္ကဆီကိုပင်လယ်ကွေ့၌ မုန်တိုင်းငယ်တစ်ခုဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းမုန်တိုင်းငယ်သည် လာမည့် ၂၄နာရီအတွင်း မက္ကဆီကိုကမ်းခြေသို့ ဦးတည်တိုက်ခတ်ဖွယ်ရှိကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနက ဇူလိုင် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။*

## ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

*ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဇူလိုင် ၂၉ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၂၆ဒေါ်လာအထိဖြစ်ခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။*

## ကူဝိတ်၌ နိုင်ငံတကာအဆင့်မီဟိုတယ် တည်ဆောက်မည်

*ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့၌ နိုင်ငံတကာအဆင့်မီ ထိပ်တန်းဟိုတယ်ကြီးတစ်ခုကို တည်ဆောက်သွားရန်စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ အဆင့်အတန်းမြင့်စွာ လာရောက်တည်းခိုနိုင်ရန်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံ ခရီးသွားလုပ်ငန်းအရာရှိများက ဇူလိုင် ၂၉ရက်၌ ပြောကြားသည်။(အင်တာနက်)*





# တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်းဆုချီးမြှင့်ပွဲ
# တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် တံခွန်စိုက်ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၉

**အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်သည်။**

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုအမျိုးအစားအလိုက် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းမှူးက ပထမဆုရရှိသော ပုသိမ်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ကျောင်းအုပ်ကြီးက ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး စာသင်ဆောင်များ၌ ပညာသင်ကြားနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အထူးကုဆေးရုံ(မင်္ဂလာဒုံ) သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဆေးရုံအုပ်နှင့် တာဝန်ရှိသူတို့က ဆေးဝါးကုသပေးနေမှုအခြေအနေနှင့် ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှုနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၌ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ ဆောက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၃) လမ်းမကြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေမြောင်းတူးဖော်

ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင်၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရေမြောင်းတူးဖော် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဆွေကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ဇူလိုင် ၂၇ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အီတလီသမ္မတနိုင်ငံ ရောမမြို့ရှိ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ Country Program မန်နေဂျာ Mr. Youqiong Wang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



## ပေးအပ်လှူဒါန်း

(၂၅၈)ကြိမ်မြောက် အောင်ဘာလေထီ ကျပ်သိန်းတစ်ထောင်(အထူးဆုကြီး) ကံထူးရှင် ကိုစန်းယုအောင်(နေပြည်တော်)က ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းခွဲအတွက် မီးစက်နှင့် ရေစုပ်စက်မော်တာ ပန့်ဝယ်ယူနိုင်ရန် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



# စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ
## မကွေးခရိုင်၌ ကျင်းပ



မကွေး ဇူလိုင် ၂၉

မကွေးခရိုင် စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ ပဉ္စမနှစ်ဖြစ်သော ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဇွန် ၃၀ရက် နံနက် ၉နာရီက ကျင်းပရာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင်အဆင့်ဌာနဆိုင်ရာနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တာဝန်ပေးအပ်သည်။ **(အပေါ်ပုံ)**

### ရှင်းလင်းဆွေးနွေး

ထို့နောက် မကွေးခရိုင်၏ ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်သည်များကို မကွေးခရိုင် စီမံကိန်းဦးစီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**





# အမ်း၊ မြေပုံ၊ မင်းပြားမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

## တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၉

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဇူလိုင် ၂၃ရက်က အမ်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့အတွင်း ရန်ကုန်-စစ်တွေ ကားလမ်းတစ်လျှောက် လမ်း၊တံတားကြွံခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာ တုတ်ချောင်းတံတားနှင့် ရက်ချောင်းကျေးရွာရှိ ရက်ချောင်းတံတားတို့ ပြုပြင်မွမ်းမံတည်ဆောက်နေမှုများနှင့် ကားလမ်းရေတိုက်စားမှု ကာကွယ်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မင်းပြားမြို့နယ် တပ်နယ်ခန်းမသို့ရောက်ရှိပြီး အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ကမ်းနီ အခြေခံပညာအထက်တန်းကျောင်း စာသင်ကျောင်းဆောင်အသစ် တည်ဆောက်နေမှု အခြေအနေများနှင့် ပညာသင်ကြားနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များပေးအပ်သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မင်းပြားမြို့နယ် စမ်ဘလေ ကျေးရွာ လက်တွန်းထွန်စက်များလွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ တာဝန်ရှိသူတို့က လယ်ယာသုံး စက်ကိရိယာများကို လိုက်လံပြသရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် စိုက်ပျိုးရေးစခန်းရှင်းလင်းဆောင်၌ ဒေသခံကျေးရွာ တောင်သူများနှင့် တွေ့ဆုံ၍ လယ်ယာသုံး စက်ကိရိယာများကို လွှဲပြောင်းပေးအပ်ပြီး မင်းပြားမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားမှုအခြေအနေများနှင့် မင်းပြား-မြောက်ဦး ကားလမ်းဝဲယာတစ်လျှောက် မိုးစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

# သား/ငါးကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲ

## ဝန်ကြီးဦးမောင်မောင်သိမ်း တက်ရောက်

ရန်ကုန် ဇူလိုင် ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းသည် ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် တနင်္သာရီ တိုင်း မြိတ်မြို့ရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်း ဦးစီးဌာန၌ ကျင်းပသည့် သား/ငါး ကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး သား/ငါး ကဏ္ဍ မွေးမြူထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ ပင်လယ်ပြင်၌ ဖမ်းဆီးထုတ်လုပ်မှုနှင့် သယံဇာတ ထိန်းသိမ်းမှုလုပ်ငန်းများ ဟန်ချက်ညီညီဆောင်ရွက်သွားရေး၊ မွေးမြူရေးစခန်းများ၌ ဇီဝလုံခြုံမှုအမြဲသတိရှိဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။**(အောက်ပုံ)**

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တိုင်းဦးစီးဌာနမှူးများက အသားနှင့်ငါး ကဏ္ဍအလိုက် လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှု၊ တိုးချဲ့မွေးမြူသူများအား စည်းရုံးဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြကြပြီး တက်ရောက်လာသော ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကိုတင်ပြရာ ဝန်ကြီးကလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြိတ်တောင်ရပ်ရှိ ထူးထူးတိုးကုမ္ပဏီလီမိတက်၏ အဆင့်မြင့် ဥစားကြက် မွေးမြူရေးစခန်း ရှင်းလင်းခန်းမသို့ရောက်ရှိပြီး တာဝန်ရှိသူများက အဆင့်မြင့် ဥစားကြက် ယူနစ်နှစ်ခုနှင့် ကြက်ငယ်ပြုစုရေးယူနစ်များတည်ဆောက်နေမှု၊ ကြက်မွေးမြူရေးစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်၍ လျှပ်စစ်မီးအလင်းရရှိအောင် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဥစားကြက်မွေးမြူရေးခြံများ၌ လေအေးပေးမှု၊ စွန့်ပစ်လေထုတ်စနစ်နှင့် ရေရရှိအောင် ဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်အညစ်အကြေးဖယ်ထုတ်ရန် ဆောင်ရွက်ထားမှု၊ ကြက်ငယ်ပြုစုရေးခြံများ ဖွဲ့စည်းဆောင်ရွက်ထားမှုနှင့် စွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်နိုင်ရန် တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဆိပ်ဖြူမြို့နယ်၌ဖွင့်

ဆိပ်ဖြူ ဇူလိုင် ၂၉

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၈ရက် မွန်းလွဲ ၂နာရီက ငွေသဲဖြူခန်းမ၌ကျင်းပရာ မကွေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး**(အောက်ပုံ)** တိုင်းဥပဒေအရာရှိ၊ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးတို့က ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၃၈ဦး တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# ရေစကြိုမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ပွဲကျင်းပ

ရေစကြို ဇူလိုင် ၂၉

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၉ရက် ညနေ ၃နာရီက ဝန်ထမ်းများ စာဖတ်ပွဲကျင်းပရာ ယင်းစာဖတ်ပွဲတွင် စာကြည့်တိုက် လက်ထောက်(၃)ဒေါ်တင်တင်ရွှေ၊ ရုပ်/သံကျွမ်းကျင်(၃) ဒေါ်မမေနှင့် ရုံးဝန်ထမ်း ဦးကုန်လျှန်တို့က ဖတ်ကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးဟာထန်းက ဒို့ကျေးရွာဂျာနယ်ပါ ဆောင်းပါးများကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

### ဈေးမီးဘေးလုံခြုံရေးဆောင်ရွက်

**တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့်အဖွဲ့ ဇူလိုင် ၁၀ ရက်က ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေး ပွင့်ဖြူမြို့နယ်၌ ဆောင်ရွက်

ပွင့်ဖြူ ဇူလိုင် ၂၉

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်း ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စံပြဝက်မွေးမြူရေးခြံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၆ရက် နံနက် ၉နာရီက ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ငွေးနှင့် မကွေးတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမောင်လှိုင်တို့က အမှာစကားပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေး၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကိုကိုနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစောလွင်၊ မကွေးဓာတ်ခွဲခန်းမှ ဒေါက်တာဒေါ်မာမာအေးတို့ တက်ရောက်ကြသည်။

### ဆွေးနွေးပို့ချ

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေ လေ့လာရေးနှင့် ရောဂါထောက်လှမ်းရေးအစီအစဉ်များ၊ လက်တွေ့ဆောင်ရွက်ရမည့် နည်းစနစ်များကို ဆွေးနွေး ဟောပြောပို့ချခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

**အလိမ္မာ စာမှာရှိ**



# ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်းထူထောင်ရေး တွံ့တေးမြို့နယ်၌ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၉

တွံ့တေးမြို့နယ် ကျောင်းကျန်းမာရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှု၊ မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းမှုဖြင့် ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်းများ ထူထောင်ရေး ဆွေးနွေးပွဲကို ဇူလိုင် ၁၅ရက် နံနက် ၉နာရီက တွံ့တေးမြို့ အထက်တန်းကျောင်းခွဲ(မြို့မ) ရတနာခန်းမ၌ ကျင်းပသည်။

### ဆုများချီးမြှင့်

အခမ်းအနားတွင် ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာကျော့ခင်ခင်နှင့် ဒေါက်တာကြင်အုံး**(ဝဲပုံ)**တို့က ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၉)ချက်နှင့်အညီ အဆင့်မြင့်ကျောင်းများ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို ဆွေးနွေးပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် စံပြဆုရရှိကြသော ထက်၊လယ်၊မူ ကျောင်းများကို ဆုများချီးမြှင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကို

**မိပြည်ချစ်**

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပနေစဉ်ကဖြစ်သည်။ ဘောလုံးပွဲတွင် ပရိသတ်က တစ်ခဲနက် လက်သီးလက်မောင်းတန်း အော်ကာဟစ်ကာခုန်ပေါက်ကာ အားပါးတရအားပေးလျက်ရှိကြသည်။ မိမိတို့အသင်း တစ်ဂိုးရပါက နိုင်ငံအလံ၊ အသင်းအလံများ ဝှေ့ယမ်းကာ အော်ဟစ်မြူးထူးကြသည်ကို မြင်ရနိုင်ပါသည်။ ဘောလုံးပွဲမှသည် အမိနိုင်ငံတော်အရေးအထိ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားပြင်းထန်လာစေသည်ကို တွေ့ရပါသည်။ ကိုယ့်နိုင်ငံပြီးပါက ကိုယ့်ဒေသ (အာရှသား၊ အာဖရိကသား၊ ဥရောပသား၊ အမေရိကသား စသဖြင့်)ကို တစ်ခဲနက်အားပေးကာ အနိုင်ရစေလိုသော တူညီစိတ်ဆန္ဒများ ရှိနေကြသည်ကိုလည်း မြင်တွေ့နိုင်ပါသည်။ ဤသည်ပင် အမျိုးသားရေးစိတ်ဓာတ်၊ ကိုယ့်အမျိုး၊ ကိုယ့်နိုင်ငံကိုချစ်သော စိတ်ဓာတ်ဖြစ်ကြောင်း သိမြင်ခံစားနိုင်ပါသည်။

ဘောလုံးသမားများ ကိုယ်တိုင်ကလည်း အမိနိုင်ငံကို ကိုယ်စားပြုကြရသဖြင့် အလွန်ဂုဏ်ယူဝင့်ကြွားနေကြပါသည်။ နိုင်ငံတော်သီချင်းကို စိတ်ပါလက်ပါ သေသေချာချာသီဆိုကြပြီး ကွင်းထဲဝင်သည်နှင့် ကွင်းမြေကိုထိကာ ဆုတောင်းခြင်း၊ ဘုရားဆုတောင်းခြင်း၊ ဘုရားစာများ ရွတ်ဆိုခြင်း၊ ဂိုးတိုင်ကို နဖူးနှင့်ထိကာ အလေးထား ဆုတောင်းခြင်း၊ လက်ချင်းဆက် ခေါင်းချင်းဆိုင်ကာ သန္နိဋ္ဌာန်ပြုခြင်း၊ အချင်းချင်း အားပေး ကတိပြုကြခြင်းများကို မြင်တွေ့ရသည်မှာ နှစ်ထောင်းအားရလွန်း၍ ကြက်သီးများပင် ထလာစေပါသည်။

တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ထက်၊ နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ သာသနာအတွက်ဖြစ်လာပါက အသက်ပင်စွန့်နိုင်သော အမျိုးသားစိတ်များ အလိုလိုနိုးကြားစည်းလုံးလာစေသော စိတ်ဓာတ်ရေးရာ အနှစ်သာရကို မြင်တွေ့ကြရမည်ဖြစ်သည်။ ရှုံးနိမ့်ပါက နိုင်ငံတစ်ဝန်းလုံး အားပေးကြသူများ ဝမ်းနည်းပက်လက် ငိုကြွေးနေကြသည်ကိုလည်း မြင်တွေ့ရပါမည်။

မိမိကိုယ်မိမိ၊ ပြီးလျှင် မိမိသားချင်းများ၊ ပြီးလျှင် ပတ်ဝန်းကျင်ရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ ထို့ထက်ပိုလျှင် တစ်ရေတည်းသောက် တစ်မြေတည်းနေသူများမှသည် နိုင်ငံနှင့် လူမျိုးအဆင့်အထိ ကျယ်ပြန့်သွားသော အမျိုးသားရေးစိတ်ဓာတ်များ ယှဉ်ပြိုင်နေကြခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့လူသားတိုင်းသည် အမျိုးချစ်သူ၊ နိုင်ငံချစ်သူ၊ ဒေသချစ်သူများချည်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

တစ်မျိုးသားလုံးနှင့် သက်ဆိုင်လာပါက အမျိုးသားသီချင်း၊ အမျိုးသားစိတ်၊ နိုင်ငံချစ်စိတ်များသည် ကောင်းသောစိတ်များ ဖြစ်ပါသည်။ ထိုစိတ်တည်ရာ "ကိုယ်"သည်ပင် တစ်ကိုယ်တည်းနှင့် မသက်ဆိုင်တော့ဘဲ အများနှင့်သက်ဆိုင်သောကိုယ် ဖြစ်လာပေသည်။ ထို့ကြောင့် မိမိ၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသော အမူအရာ၊ ကြံစည်တွေးဆမှု၊ ပြောဆိုဆက်ဆံမှုများကို ထိန်းချုပ်ကာ အများနှင့်သက်ဆိုင်သော နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဦးတည်လုပ်ဆောင်မှု ဖြစ်အောင် ကြိုးပမ်းကြရပေမည်။

**ကိုယ့်တိုးတက်မှုရစေရန် တစ်ဦးချင်းကြိုးစားပြီး၊ ရုန်းကန်ပြီး၊ ကျားကုတ်ကျားခဲ အားသွင်းပြီး ဝီရိယစိုက်ကြိုးစားကာ ပညာရှာကြသည်။ ပညာကိုအခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရယူကြသည်။ ထိုမှတစ်ဆင့် ဝင်ငွေကောင်းလာကာ လူနေမှုအဆင့်များ မြင့်မားလာပါသည်။ မိမိအတွက် အခြေခံကောင်းများ တည်ဆောက် အောင်မြင်ပြီးသောအခါ ညီအစ်ကိုမောင်နှမ သားချင်းများအတွက် ကူပံ့ပေးလိုစိတ်ဖြစ်ကာ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထိုသို့ ဆွေမျိုးသားချင်းများ လွန်မြောက်ပါက သူငယ်ချင်းမိတ်ဆွေတို့ကို စက်ဝန်းချဲ့လာနိုင်ပါသည်။**

**မွေးစမှသည် သေခြင်းအဆုံးမရောက်မီကာလများကို လူသားတိုင်း ရုန်းကန်ဖြတ်သန်းကြရပေမည်။ ဖြတ်သန်းရာတွင် တစ်ဦးချင်းစီ၏ ခံယူချက်၊ မိဘ၏ ဆိုဆုံးမမှု၊ ဗုဒ္ဓ၏အဆုံးအမများ၊ ဖြတ်သန်းခဲ့ရသော ဝန်းကျင်၏ အနေအထားနှင့် အတွေ့အကြုံများအရ အရောင်စုံ အသွေးစုံ၊ ပုံသဏ္ဌာန်စုံ ဖြစ်ပေါ်လာပေသည်။ မည်သို့ပင် ကွဲပြားပါစေ အားလုံးက ကောင်းကျိုး လိုလားသောစိတ်နှင့် ပြုပြင်ကြိုးပမ်းတည်ဆောက်ကြပါလျှင် "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကို" ကမ္ဘာ့အလယ်တင့်တယ်စေနိုင်ပါလိမ့်မည်။**

လူတစ်ဦးစီ၊ တစ်ယောက်စီ၏ အခြေခံအနေအထားကို ပထမဆုံး ပြုပြင်တည်ဆောက်ရန်လိုပါသည်။ အခြေခံပညာမတတ်ပါက ကကြီးကို ပုတ်လောက်ရေးပြသော်လည်း မရနိုင်ပါ။ ထို့ကြောင့် မိသားစုတိုင်းသည် ကလေးများကို ကျောင်းသို့ ပို့ပေးနိုင်ရန် ကြိုးစားကြရပေမည်။ ပတ်ဝန်းကျင်ကလည်း ကလေးတစ်ယောက် ကျောင်းသို့ရောက်နိုင်စေရန် အကူအညီပေးသင့်ပါသည်။ ပြောင်းရွှေ့လုပ်သားမှလွဲလျှင် ကျေးရွာများ၌ အခြေတကျ နေထိုင်သူအများစုမှာ ရပ်ဆွေရပ်မျိုး အများစုဖြစ်သောကြောင့် အားလုံးဝိုင်းဝန်းလိုက်လျှင် မူလတန်းအဆင့်ပညာကို သင်ကြားတတ်မြောက်စေနိုင်ပါသည်။ အရေးအဖတ်အတွက် အခြေခံရပြီးလျှင် ရှေ့ဆက်ရန် မခက်ခဲပါ။

ထို့အတူ အခြေခံပညာအလယ်တန်း၊ အခြေခံပညာအထက်တန်း တက်ခွင့်ရသူများသည်လည်း အထက်တန်းအောင်မြင်ရန် မဖြစ်မနေ လိုအပ်ပါသည်။ အခြေခံပညာအထက်တန်းအဆင့်ကို ကျော်လွန်ပြီး ဟိုမှာဘက်တွင် မက်စရာအိပ်မက်များ များစွာရှိနေသလို အိပ်မက်မက်နိုင်ခွင့်များ၊ ရည်မှန်းချက်ပန်းတိုင်အသစ်များ "များစွာ"က လက်ယပ်ခေါ်နေပါသည်။

ပညာတွင် အခြေခံပညာလိုအပ်သလို အခြားတစ်ဖက်မှလည်း ဗုဒ္ဓ၏ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားများ၊ ကုသိုလ် အကုသိုလ်တရားများ၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလများ၊ ဆရာတော်များ၏ ဆိုဆုံးမမှုများ၊ လူ့ကျင့်ဝတ် လမ်းညွှန်များ၊ နီတိများ၊ လောကနီတိဖတ်စာများ၊ စာအုပ်စာပေ၊ စာစောင်များမှ လိုက်နာသင့်သည့် လမ်းညွှန်မှုများစွာကို ရှာဖွေလေ့လာသင်ယူကြရပါမည်။ သင်ယူဖတ်မှတ်လေ့လာထားသည့် အသိပညာ၊ အလိမ္မာတို့အပေါ် အခြေခံပြီး ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကံကို ပြုပြင်သွားကြပါလျှင် လူမှုဆက်ဆံရေး အဆင်ပြေကာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရာမှ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေးအမြင်များ မှန်ကန် လေးနက်စွာ ရှာဖွေတွေ့နိုင်ခွင့်ရှိပါသည်။

အသိပညာပေါ်အခြေခံပြီး တစ်ဦးချင်းဘဝတွေကို တည်ဆောက်ရင်း နှစ်ဦးဘဝ၊ မိသားစုဘဝ၊ ဆွေမျိုးအသိုင်းအဝိုင်းဘဝများထဲသို့ တိုးဝင်နိုင်ခွင့်ရကြပါသည်။ ထိုအရွယ်၌လည်း မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ရွေးချယ်မှု မှန်ကန်စေလိုပါသည်။ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်၍လည်း မဖြစ်နိုင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် တူနှစ်ကိုယ် တဲအိုပျက်မှာနေပြီး ထမင်းရည်အတူသောက်၍ ရေရှည် မရနိုင်ပါ။ နှစ်သထက်နှစ်ပါက ဘဝ၏အဓိပ္ပာယ်ကို ဖွင့်ဆို၍ မရနိုင်ပါ။ ပညာရေး၊ စီးပွားရေးအခြေအနေတင့်မှ လူမှုရေး၊ ကျန်းမာရေးများလည်း ကောင်းမွန်ကာ ဘာသာတရား ထွန်းကားရာ သာသနာမြေမှာ "တစ်မူးရပြီး တစ်ပဲလှူ" နိုင်သည့်ဘဝသို့ တက်လှမ်းနိုင်ပေမည်။

**တစ်ဦး၊ တစ်အိမ်ထောင် မျိုးနွယ်စုများစုပေါင်းနေထိုင်ကြရာ ဒေသတစ်ခုမှသည် ပြည်နယ်၊ ပြည်ထောင်စုနိုင်ငံများဖြစ်လာကြပါသည်။ ထိုသူများ စုပေါင်းနေထိုင်ရာ ထိုဒေသကို ထိုသူများကပင် ဖွံ့ဖြိုးတိုးတက်ပြီး နေချင်ဖွယ်ရာ ငြိမ်းချမ်းသောနယ်မြေ၊ ဥပဒေစိုးမိုးရာနယ်မြေ၊ ယဉ်ကျေးမှုစရိုက်များ ထွန်းကားရာနယ်မြေ၊ သာသနာဘာသာထွန်းကားရာ နယ်မြေဖြစ်လာအောင် မြှင့်တင်ဖော်ဆောင် တည်ဆောက်ကြရပါမည်။ ထိုနယ်မြေ၊ ထိုပြည်ထောင်စုသည် နှစ်အနည်းငယ်အတွင်း အခြေတည်လာခြင်းမျိုး မဟုတ်ဘဲ အမှီပြုစုစည်းနေထိုင်လာသူအားလုံး စိတ်တူကိုယ်တူ တာဝန်ကိုယ်စီဖြင့် နှစ်ပေါင်းရာထောင်ချီ၍ စုစည်းညီညွတ်စွာ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းလာခဲ့ရသည့် သမိုင်းရေးပကတိအရှိတရားကို အမှန်မြင်ကြဖို့ လိုပါသည်။**

**မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ပုဂံခေတ်မှ ယနေ့တိုင် ပုဂံမတိုင်မီ ရှေးရှေးဘိုးဘွားများ လက်ထက်ကတည်းက အတူလက်တွဲ စုစည်းတည်ဆောက်ခဲ့ရသော ပြည်ထောင်စုနိုင်ငံစစ်စစ် ဖြစ်ပါသည်။ ထိုပြည်ထောင်စုမြန်မာနိုင်ငံကို ဆက်လက်ရှင်သန် ရပ်တည်နိုင်စေရန် ယခင်က သွေး၊ ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပေးဆပ် ထူထောင်တည်ဆောက်ခဲ့ရသလို နောင်အနာဂတ်ခရီး၌လည်း ဆက်လက်ပြီး ရင်းနှီးပေးဆပ် အလုပ်အကျွေးပြု ထူထောင်တည်ဆောက်ကြရဦးမည် ဖြစ်ပါသည်။ ထိုသို့ ရင်းနှီးပေးဆပ်ထူထောင် တည်ဆောက်ထားရသော "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စု"ကို မိမိတို့အားမာန်တွေ၊ အသိပညာ အမြော်အမြင်တွေ၊ စည်းလုံးခြင်းတွေ၊ သတ္တိသွေးတွေ၊ ဇာတိမာန်တွေ၊ မျိုးချစ်စိတ်တွေနှင့် အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်းမြှင့်တင် တည်ဆောက်ကြရဦးမည်ဖြစ်ပါသည်။ မည်သို့မျှ၊ မည်သည့်အကြောင်းနှင့်မျှ အစိတ်စိတ်အမွှာမွှာ အပြိုကွဲ မခံနိုင်သည်မှာ မိမိတို့ ပြည်ထောင်စုသား အားလုံး၏၊ တစ်ဦးချင်းစီ၏ လိုလားချက်ဆန္ဒအမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်သူ တစ်ဦးတစ်ယောက်တိုင်းသည်-**

- **အခြေခံပညာမှသည် အဆင့်မြင့်ပညာများ တတ်မြောက်ရေး**
- **အလုပ်အကိုင်ရှာဖွေ အသက်မွေးဝမ်းကျောင်းကြရာ၌ ရသမျှငွေကြေးဥစ္စာဓနအပြင် အသိပညာ၊ စည်းကမ်းစနစ်များ၊ လူ့အရင်းအမြစ်များ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ရေး၊**
- **အချင်းချင်း ပြစ်တင်ဝေဖန်မည့်အစား အပြုသဘောဆောင်သော အတွေးအမြင်၊ အလုပ်များဖြင့် အကျိုးပြုယှဉ်တွဲနေထိုင်ရေး၊**
- **ကြံ့ခိုင်သောစိတ်၊ ခိုင်မာသောရည်ရွယ်ချက်၊ စွန့်စားစွန့်လွှတ်ရဲသော ရဲစွမ်းသတ္တိ၊ ပြည်ထောင်စုချစ်စိတ်များ ဖြစ်ပေါ်လာရေး၊**
- **အမျိုး၊ ဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများ လေးစားလိုက်နာပြီး လက်ဆင့်ကမ်းအမွေအဖြစ် အလေးထား ထိန်းသိမ်းစောင့်ရှောက် ကာကွယ်တတ်ရေး**

**စသော အရေးများကို မျိုးချစ်စိတ်ဖြင့် လုပ်ဆောင်ရင်း "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စု"ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တင့်တယ်စွာ ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုပါသည်။**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကိုကြည့်ပြီး နည်းပြပိုင်း၊ ကစားသမားများအပိုင်း၊ ဂိုးသမားများအပိုင်း စသည်ဖြင့် အပိုင်းလိုက် တာဝန်သိ၊ တာဝန်ကျေကြသည့်အပြင် အချင်းချင်းနားလည်မှု၊ စည်းလုံးမှု၊ အပေးအယူ မျှတမှု၊ တစ်ကိုယ်ကောင်း၊ အတ္တစိတ်အမူအကျင့်ပယ်ဖျောက်မှု၊ အနိုင်ရလိုမှုဖြင့် တစ်ဖက်သားနစ်နာအောင်လုပ်လိုသော စိတ်အမူအကျင့်ဆိုးများ ကင်းစင်မှု၊ ရိုးရိုးသားသားကြိုးစားကစားရင်း ကိုယ့်အသင်းပေါ်သာမက တစ်ဖက်အသင်းပေါ်၌ပါ အလေးထားမှု၊ အမိနိုင်ငံအတွက် အစွမ်းကုန်ကြိုးပမ်းမှု စသည်စသည် ကောင်းမြတ်သည့် အမူအကျင့်၊ စရိုက်လက္ခဏာများကို သင်ခန်းစာကောင်းများအဖြစ်ရယူပြီး မိမိတို့သည်လည်း အမိမြန်မာနိုင်ငံ "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကြီး" တိုးတက်စည်ပင်သာယာငြိမ်းချမ်းပြီး ဒီမိုကရေစီထွန်းကားရေးအတွက် အသိ၊ သတိ၊ ပညာ၊ အမြော်အမြင်၊ ဆင်ခြင်တုံတရားများဖြင့် တက်ညီလက်ညီ အတူလက်တွဲ ကြိုးပမ်းစွမ်းဆောင် တည်ဆောက်ကြပါစို့။ ။

**တစ်ဦး၊ တစ်အိမ်ထောင် မျိုးနွယ်စုများ စုပေါင်းနေထိုင်ကြရာ ဒေသတစ်ခုမှသည် ပြည်နယ်၊ ပြည်ထောင်စုနိုင်ငံများ ဖြစ်လာကြပါသည်။ ထိုသူများ စုပေါင်းနေထိုင်ရာ ထိုဒေသကို ထိုသူများကပင် ဖွံ့ဖြိုးတိုးတက်ပြီး နေချင်ဖွယ်ရာ ငြိမ်းချမ်းသောနယ်မြေ၊ ဥပဒေစိုးမိုးရာနယ်မြေ၊ ယဉ်ကျေးမှုစရိုက်များ ထွန်းကားရာနယ်မြေ၊ သာသနာဘာသာ ထွန်းကားရာနယ်မြေ ဖြစ်လာအောင် မြှင့်တင်ဖော်ဆောင် တည်ဆောက်ကြရပါမည်။ ထိုနယ်မြေ၊ ထိုပြည်ထောင်စုသည် နှစ်အနည်းငယ်အတွင်း အခြေတည်လာခြင်းမျိုးမဟုတ်ဘဲ အမှီပြု စုစည်းနေထိုင်လာသူအားလုံး စိတ်တူကိုယ်တူ တာဝန်ကိုယ်စီဖြင့် နှစ်ပေါင်း ရာထောင်ချီ၍ စုစည်းညီညွတ်စွာ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းလာခဲ့ရသည့် သမိုင်းရေးပကတိအရှိတရားကို အမှန်မြင်ကြဖို့ လိုပါသည်။**

# ပြည်သူများအား အခွန်လုပ်ထုံးလုပ်နည်းများနားလည်ရေး ပြောဆိုစည်းရုံး

## နိုင်ငံတော်အပေါ် သစ္စာရှိပြီး ရိုးဖြောင့်မှန်ကန်စွာဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးသန်းညိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို ပိုမို အရှိန်အဟုန်မြင့်မားစေရန်အတွက် ထိရောက်ထက်မြက်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန်မှာကြားခဲ့သည်။

### ရိုးဖြောင့်မှန်ကန်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နေပြည်တော်လယ်ဝေးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိစစ်ဆေးရာ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အခွန်ဦးစီးမှူးတို့က အခွန်ငွေ လျာထားသတ်မှတ်ချက်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက အခွန်ထမ်းဆောင်သူ ပြည်သူများအား အခွန်လုပ်ထုံးလုပ်နည်းများ၊ အခွန်အခြေခံသတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရေး ပြောဆိုစည်းရုံးသွားရန်နှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ်သစ္စာရှိစွာ၊ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိရာ တာဝန်ခံမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသခံပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တတ်အားသမျှ ဝိုင်းဝန်းပံ့ပိုးကြရန် မှာကြားသည်။

### စနစ်တကျဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနားခရိုင် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့သို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ခံများက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကြည့်ရှုစစ်ဆေး



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### တာဝန်ပေးအပ်

**ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇူလိုင် ၂၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်က စီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်စဉ်။**

(မြို့နယ် ပြန်/ဆက်)



## ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

**ညောင်တုန်း ဇူလိုင် ၂၉**

ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဇူလိုင် ၂၃ရက်ကကျင်းပရာ အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေ၊ ရွာဟောင်းအုပ်စုဥက္ကဋ္ဌ ဦးကျော်ထူးအောင်၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌဦးသန်းလွင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာမများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က နှစ်ဘာသာဂုဏ်ထူးရှင် မောင်စည်သူစိုး **(အောက်ပုံ)**၊ တစ်ဘာသာဂုဏ်ထူးရှင် မတင်မိုးဖြူတို့အားလည်းကောင်း၊ မိဘဆရာအသင်းနှင့် တာဝန်ရှိသူများက အတန်းအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် ပညာရည်ထူးချွန် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၁၅၂)**





## မြန်မာအမျိုးသမီးများနေ့အခမ်းအနား

## မူဆယ်ခရိုင် နမ့်ခမ်းမြို့၌ကျင်းပ

**နမ့်ခမ်း ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ကျားဖြူခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝင်းက မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမြင့်ဆွေက အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် အကြမ်းဖက်မှုကာကွယ်ရေး ဥပဒေတို့ကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ တာဝန်ခံဒုတိယရဲအုပ် အောင်မျိုးထွဋ်က လူမှောင်ခို၊ လူကုန်ကူးမှုမှ ကြိုတင်ကာကွယ်ရေးဆိုင်ရာများ အကြောင်းတို့ကိုလည်းကောင်း ဟောပြောကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝင်းက ထပ်ဆင့်ပေးအပ်လှူဒါန်းပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ်တွင် နမ့်ခမ်းမြို့နယ် စာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူ ၂၃ဦးအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**



## ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ ဂမုန်းပွင့်အရောင်းဆိုင်၌ ဝယ်ယူနိုင်

**ရန်ကုန် ဇူလိုင် ၂၉**

ဂမုန်းပွင့် Shopping Mall (ကမ္ဘာအေး)၌ ထိုင်းနိုင်ငံ ထုတ်ကုန်ပစ္စည်းများကို တွင်ကျယ်လူသိများရန် အထူးဈေးနှုန်းဖြင့် ရောင်းချသော 4th Made in Thailand Festivalကို ဇူလိုင်၁၆ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့သည်။ ထိုပွဲတွင် Thai Product များကို တစ်ရက်အတွင်း ငွေကျပ် ၃၀၀၀၀ဖိုးနှင့်အထက် ဝယ်ယူပါက TV၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများအပါအဝင် ဗလာမပါကံစမ်းမဲများ ချက်ချင်း ကံစမ်းနိုင်ပြီး ထပ်ဆင့်အခွင့်အရေးအနေဖြင့် ဇူလိုင် ၂၇ရက်တွင် ရန်ကုန်-ဗန်ကောက်-ရန်ကုန် လေယာဉ်လက်မှတ် လေးစောင်အပါအဝင် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်ရွေးချယ်ပေးခဲ့သည်။ **(ယာပုံ)**

### ကံစမ်းမဲ

ဂမုန်းပွင့်ဆိုင်ခွဲများ၌ ငွေကျပ်တစ်ထောင်နှင့်အထက်ကို ကံစမ်းမဲနံပါတ်တစ်ခု သတ်မှတ်ပေးပြီး နှစ်ပတ်တစ်ကြိမ် ကံစမ်းမဲဖွင့်လှစ်ပေးသည့် အစီအစဉ်လည်းရှိရာ ထိုအစီအစဉ်တွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အပတ်စဉ် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

### ဝယ်ယူနိုင်

ကမ္ဘာအေးရှိ ဂမုန်းပွင့် Shopping Mall တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း Weekend Sale အစီအစဉ်ရှိရာ ငွေကျပ်သုံးသောင်းနှင့်အထက် ဝယ်ယူသူတိုင်း ပန်ကာ၊ မီးပူ၊ ထမင်းပေါင်းအိုးများအပါအဝင် ဗလာမပါကံစမ်းမဲများ ရရှိမည်ဖြစ်သည်။ ထို့အပြင် ၁၀ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ဈေးရမည့် Discount ကူပွန်များကို တစ်လအတွင်း ၄င်း Shopping Mall ရှိ သက်ဆိုင်ရာဆိုင်များတွင် ထပ်မံဝယ်ယူနိုင်ကြောင်း သိရသည်။

### ဖွင့်လှစ်ထား

ဂမုန်းပွင့်ဆိုင်ခွဲများကို ကမ္ဘာအေး၊ မြေနီကုန်း၊ ဘိုကလေးဈေးလမ်းထောင့်၊ ရွှေတိဂုံဘုရားလမ်းနှင့် ဗန္ဓုလလမ်းထောင့် သိမ်ကြီးဈေး (D) ရုံတို့တွင် ဖွင့်လှစ်ထားသည်။ **(သတင်းစဉ်)**

## ကြွက်ကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကြယ်စင်စုကို ကျောခိုင်းခဲ့သည့် ရာအူးလ်

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

မက်ဒရစ် ဇူလိုင် ၂၉

**ရီးရဲမက်ဒရစ်ကလပ်၌ သက်တမ်းအရှည်ဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့သူ၊ ရီးရဲမက်ဒရစ်၏ အောင်မြင်မှုများကို ရယူပေးနိုင်ခဲ့သူ၊ ရီးရဲမက်ဒရစ်အသင်း၏ အမှတ်သင်္ကေတတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရသည့် ရာအူးလ်တစ်ယောက် ရီးရဲမက်ဒရစ်ကလပ်ကို ကျောခိုင်းခဲ့လေပြီ။**

### စာချုပ်

ရီးရဲမက်ဒရစ် တိုက်စစ်မှူး ရာအူးလ်ကို နည်းပြသစ်မော်ရင်ဟိုက အသင်းမှ ထွက်ခွာလိုက ထွက်ခွာခွင့် ပြုထားသဖြင့် ဂျာမန်ကလပ် ရှော်ကေးသို့ အလွတ်ပြောင်းရွှေ့မှုအဖြစ် ရာအူးလ် ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ရှော်ကေးအသင်းနှင့် ရာအူးလ် နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီဖြစ်သည်။ ရှော်ကေး၌ ရာအူးလ်အနေဖြင့် ပုံမှန်ကစားခွင့် ရရှိမည်ဖြစ်ပြီး နံပါတ်(၇) ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားရမည် ဖြစ်သည်။

### ကစားခဲ့

ရာအူးလ်အနေဖြင့် ရီးရဲမက်ဒရစ်ကလပ်တွင် အသက် ၁၇နှစ်အရွယ် ၁၉၉၄ ခုနှစ်မှ စတင်ပြီး ကစားခဲ့ခြင်းဖြစ်သည်။ ဘောလုံးရာသီ ၁၅ရာသီကြာအောင် ရီးရဲမက်ဒရစ်အသင်း တစ်သင်းထဲ၌ စွဲမြဲစွာကစားခဲ့ရာ ရီးရဲမက်ဒရစ်ကလပ်သမိုင်း၌ သက်တမ်းအကြာဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

### ရယူပေး

ရီးရဲမက်ဒရစ် ကလပ်အတွက် ရာအူးလ်အနေဖြင့် ကွင်းလယ်တိုက်စစ်ကို ဦးဆောင်ကာ ပွဲပေါင်း ၇၄၁ပွဲတွင် ကစားပေးခဲ့ပြီး ၂၂၈ဂိုးသွင်းယူပေးခဲ့သည်။ စပိန်အသင်းအတွက် ၁၀၂ပွဲ ကစားပေးခဲ့ပြီး ၄၄ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်သည်။ ရီးရဲမက်ဒရစ်ကလပ်အတွက် ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ လာလီဂါဖလား ခြောက်ကြိမ်နှင့် နိုင်ငံတကာပွဲများ၌ ဖလားနှစ်ကြိမ် ရယူပေးခဲ့သူလည်း ဖြစ်သည်။

### တာဝန်ကျေ

အသက် ၁၇နှစ်သားအရွယ်မှ ၃၃နှစ်အထိ ရီးရဲမက်ဒရစ်ကလပ်၌ သံယောဇဉ်ကြီးစွာ ကစားခဲ့သူ ရာအူးလ်ကား ယခုအခါ အသက် ၃၃နှစ်ရှိနေပြီ။ ဘောလုံးသမားတစ်ဦး၏ ခြေစွမ်းအပြနိုင်ဆုံးနှင့် အတက်ကြွဆုံးအချိန်များ ကုန်လွန်စပြုနေပြီဖြစ်သည်။ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ရာအူးလ်အနေဖြင့် ရီးရဲမက်ဒရစ်အပေါ် တာဝန်ကျေခဲ့သူ တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။




**ရှော်ကေးအသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုပြီးနောက် နံပါတ် (၇) ဂျာစီအင်္ကျီ ဝတ်ဆင်ကစားမည့် ရာအူးလ်။**

(အင်တာနက်ဓာတ်ပုံ)

### ဒဏ်ရာရရှိ

ခြေထောက်ဒဏ်ရာ ရရှိနေသော ရာအူးလ်အတွက် ရီးရဲမက်ဒရစ်၌ ပုံမှန်ကစားခွင့်နေရာ ပျောက်ဆုံးခဲ့ရသည်။ ပုံမှန်ပွဲထွက်ခွင့်မရသည့် အနေအထားမျိုး၌ ကြာရှည်မခံစားနိုင်သည့် ရာအူးလ်တစ်ယောက် သူသံယောဇဉ်ကြီးခဲ့ရသည့် ရီးရဲမက်ဒရစ်မှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ လူငယ်ကစားသမားများကို အားထားလာသော နည်းပြသစ် မော်ရင်ဟို၏ အနေအထားကြောင့် ရာအူးလ်တစ်ယောက် အသင်း ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သလို အသက်အရွယ်ရလာခဲ့၍လည်း ဖြစ်သည်။

### ပြောကြား

ဂျာမန်ဘွန်ဒက်စ်လီဂါ၏ ရှော်ကေးအသင်း နည်းပြဖီးလစ်မာဂတ်က ရှော်ကေးအသင်းအတွက် အလွန်တန်ဖိုးရှိသော ပြောင်းရွှေ့မှုဖြစ်ကြောင်း၊ အသင်းအတွက် မင်္ဂလာရှိသည့် အချိန်ပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရာအူးလ် ဒဏ်ရာသက်သာနေပြီဖြစ်ရာ ရှော်ကေးတိုက်စစ်ကို တာဝန်ယူ ဦးဆောင်ရတော့မည် ဖြစ်သည်။

စပိန်ကလပ် ရီးရဲမက်ဒရစ်၌ ကာလရှည်ကြာစွာ ကစားခဲ့သည့် ရာအူးလ်က ''ဘွန်ဒက်စ်လီဂါသို့ ပြောင်းရွှေ့ကစားခြင်းသည် လာလီဂါနှင့် ယဉ်ကျေးမှုအသွင်အပြင်ပြောင်းလဲမှု ကွာခြားမှုများရှိကြောင်း၊ ခံစားမှုခြင်း ကွဲပြားသည့်အတွက် မိမိအနေဖြင့် စိတ်သစ်လူသစ်ဖြင့် ရှော်ကေးအသင်းအား အောင်မြင်မှုများ ရရှိရန် စွမ်းဆောင် ပေးနိုင်မည်ဟု ယုံကြည်ကြောင်း'' ပြောကြားခဲ့သည်။

ရီးရဲမက်ဒရစ်၏ အမှတ်သင်္ကေတတစ်ခုဖြစ်ခဲ့သည့် ရာအူးလ်ကား ရှော်ကေးအသင်းအား မည်သို့စွမ်းဆောင်ပေးမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

**(အင်တာနက်)**

---

# အာဂျင်တီးနား နည်းပြရာထူး မာရာဒိုနာ လက်လွှတ်ခဲ့ရ

ထင်ကျော်ထက် - ရေးသားသည်



လန်ဒန် ဇူလိုင် ၂၉

အသက် ၄၉နှစ်အရွယ်ရှိ ဒီဂိုမာရာဒိုနာ၏ အာဂျင်တီးနားနည်းပြအဖြစ် ဆက်လက် လုပ်ကိုင်ရေးမှာ အဆုံးသတ်သွားပြီ ဖြစ်ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်အေ)က အတည်ပြုပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင် ၂၆ရက်က အေအက်ဖ်အေဥက္ကဋ္ဌ ဂျူလီယိုဂရွန်ဒိုနာနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အာဂျင်တီးနားနည်းပြ အလုပ်ကို ဆက်လက်လုပ်ကိုင်လိုသည်ဟု မာရာဒိုနာက ဝန်ခံပြောကြားခဲ့သည်။ သို့သော်လည်း မာရာဒိုနာက ၎င်း၏လက်ရှိအသင်းကို အပြောင်းအလဲလုပ်ရန် ငြင်းပယ်ခဲ့ပြီးနောက် ၎င်းအား စာချုပ်သစ် ထပ်မံချုပ်ဆိုရေးကို အေအက်ဖ်အေက မဲခွဲဆုံးဖြတ်ပယ်ချကာ အသက် ၂၀ အောက် အာဂျင်တီးနားလူငယ်လက်ရွေးစင်အသင်းနည်းပြဖြစ်သူ ဆာဂျီယိုဘာတစ် စတာအား အာဂျင်တီးနား လက်ရွေးစင်အသင်း၏ ယာယီနည်းပြအဖြစ် တာဝန်ပေးရန် သဘောတူညီခဲ့ကြသည်။ **(အင်တာနက်)**

---

# စကော့ပါကာအား စပါးက ကမ်းလှမ်းမှု ဝက်စ်ဟမ်းအသင်း ငြင်းပယ်ခဲ့ဟုဆို



လန်ဒန် ဇူလိုင် ၂၉

ဝက်စ်ဟမ်းအသင်းမှ အသက် ၂၉နှစ်အရွယ်ရှိ အင်္ဂလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား စကော့ပါကာအား စပါးအသင်းက ကမ်းလှမ်းမှုကို ဝက်စ်ဟမ်းအသင်းက ငြင်းပယ်ခဲ့သည်ဟု ဆိုသည်။

ဝက်စ်ဟမ်းအသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးသော ပါကာအား စပါးအသင်းက ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ သို့သော်လည်း ပါကာအား မည်သည့်ဈေးနှုန်းနှင့်မျှ ရောင်းထုတ်မည်မဟုတ်ကြောင်း ဝက်စ်ဟမ်းအသင်းဥက္ကဋ္ဌ ဒေးဗစ်ဆူလီဗန်က အသင်းပိုင်ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။ (အင်တာနက်)

---

# ကာပယ်လို၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့မှု နောင်တရခဲ့မိဟု ပေါစခိုးလ်ဖွင့်ဟ




လန်ဒန် ဇူလိုင် ၂၉

အသက် ၃၅နှစ်ရှိ မန်ယူကွင်းလယ်ကစားသမား ပေါစခိုးလ်က ၎င်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နည်းပြဖာဘီယိုကာပယ်လို၏ အင်္ဂလန်လက်ရွေးစင်အသင်း၌ ပါဝင်ကစားရန် ဖိတ်ခေါ်မှုကို လက်မခံခဲ့ဘဲ ငြင်းပယ်ခဲ့မိသည်ကို နောင်တရမိခဲ့ကြောင်း၊ အမှားတစ်ခု ကျူးလွန်ခဲ့မိသည်ဟု ခံစားရကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အီတလီနိုင်ငံသား နည်းပြကာပယ်လိုသည် ပေါစခိုးလ်အား ဘောလုံးလောကမှ အနားမယူဘဲ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် လက်ရွေးစင်အသင်း၌ ပါဝင်ကစားရန် ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ပေါစခိုးလ်က ယင်းကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်။ (အင်တာနက်)

---

# နောက်တန်းကစားသမား ဆိုးကင်းဘဲလ် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ဖွယ်




လန်ဒန် ဇူလိုင် ၂၉

အသက် ၃၅နှစ်ရှိ အင်္ဂလန် လက်ရွေးစင်အသင်း ခံစစ်မှူးဟောင်း ဆိုးကင်းဘဲလ်အား အသင်းများက ခေါ်ယူရန် အပြိုင် ကြိုးပမ်းနေကြသည့်အနက်မှ နယူးကာဆယ်အသင်းက ခေါ်ယူနိုင်ဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆိုးကင်းဘဲလ်သည် ယခုနွေရာသီတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည်။ ဆန်းဒါးလန်းနှင့်ဆဲလ်တစ်အသင်းများက ဆိုးကင်းဘဲလ်အား စာချုပ်ခေါ်ယူရန် စိတ်ဝင်တစားကြိုးပမ်းနေချိန်တွင် ၎င်းအား အာဆင်နယ်က စာချုပ်သက်တမ်းတိုးချုပ်ဆိုရန် ကြိုးစားခဲ့သေးသည်။ သို့သော်လည်း ဆိုးကင်းဘဲလ်ကမူ ပရီးမီးယားလိဂ်သို့ တန်းပြန်တက်လာသော နယူးကာဆယ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိသည်။ (အင်တာနက်)

---

# ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

## မာရေးနှင့် တင်းနစ်နည်းပြ မက္ကလာဂင်လမ်းခွဲ

*ဗြိတိသျှအဆင့်(၁) တင်းနစ်သမားအန်ဒီမာရေးသည် ၎င်း၏တင်းနစ်နည်းပြ မီလက်စ် မက္ကလာဂင်နှင့် လမ်းခွဲလိုက်ပြီဖြစ်သည်။ အသက် ၃၅နှစ်ရှိ ဆုကြေးစား တင်းနစ်ကစားသမားဟောင်း မက္ကလာဂင်သည် ၂၀၀၇ခုနှစ် နှစ်ကုန်ပိုင်းက မာရေး၏ တင်းနစ် နည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မာရေး၏ ငါးယောက်မြောက် နည်းပြဖြစ်သည်။*

## ဘွန်ဝဲလ်နှင့် ဂျုံးစ် ထိပ်တန်းတင်းနစ်မယ်များကိုနိုင်

*အမေရိကန်နိုင်ငံ စတန်းဖို့ဒ်မြို့၌ကျင်းပသော တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပတ်လည်ပွဲစဉ်တွင် ဗြိတိသျှတင်းနစ်မယ် ဆာရက်ချ်ဘွန်ဝဲလ်နှင့် ၎င်း၏ကစားဖော် ရာကီးလ်ကော့ပ်ဂျုံးစ်တို့ စုံတွဲသည် ထိပ်တန်းတင်းနစ်မယ်များဖြစ်ကြသည့် လီဆာရေမွန်နှင့် ရင်နေးစတတ်ဘ်တို့အား ၆-၀၊ ၄-၆၊ ၁၂-၁၀ဖြင့် အနိုင်ရရှိခဲ့သည်။*

## ဥရောပချန်ပီယံရှစ်ပြေးခုန်ပစ်၌ မိုဟာရက်ချ် ရွှေဆွတ်ခူး

***စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပလျက်ရှိသော ၂၀၁၀ ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀၀ပြိုင်ပွဲတွင် အသက် ၂၇နှစ်အရွယ်ရှိ ဗြိတိသျှပြေးခုန်ပစ်သမား မိုဖာရက်ချ်က ဗြိတိန်နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးခဲ့သည်။ ဖာရက်ချ်သည် ယင်းပွဲစဉ်တွင် ၂၈မိနစ် ၂၄ဒသမ ၉၉ဖြင့် ပန်းဝင်ခဲ့သည်။***

## မီတာ ၁၀၀ပြေးပွဲ၌ ချန်ဘာ အကြိုဗိုလ်လုပွဲတက်

*ဗြိတိသျှတာတိုအပြေးသမားများဖြစ်သည့် ဒါဝင်ချန်ဘာ၊ မာ့ခ်လီဝစ်ဖရန်စစ်နှင့် ဂျိမ်းစ်ဒါဆာအိုလူတို့ သုံးဦးစလုံးသည် မီတာ ၁၀၀ပြေးခုန်ပစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။*

## ရိုဒရီဂွက်ဇ် လီဗာပူးမှထွက်ခွာဖွယ်

***လီဗာပူးတောင်ပံကစားသမား မက်ဇီရိုဒရီဂွက်ဇ်သည် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း၊ ၎င်း၏အသင်းဟောင်း အက်စ်ပန်ညိုက ၎င်းအားပြန်လည် စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

## လူးဝစ်၏ ပြောင်းရွှေ့ကြေး ဘင်ဖီကာဖွင့်ဟ

*ဘင်ဖီကာအသင်းသည် ရီးရဲမက်ဒရစ်၊ မန်စီးတီးနှင့် ချယ်လ်ဆီးအသင်း တို့က ခေါ်ယူလိုသော ဘရာဇီးလက်ရွေးစင်အသင်းနှင့် ဘင်ဖီကာဗဟိုခံစစ်မှူး ဒေးဗစ်လူးဝစ်၏ ပြောင်းရွှေ့ကြေးကို ပေါင် ၃၃သန်း တိုးမြှင့်သတ်မှတ်လိုက်သည်ဟု ဆိုသည်။*

## မီလ်နာအားခေါ်ယူရေး မန်စီးတီးအဆုံးသတ်

***မန်စီးတီးအသင်းသည် အက်စ်တွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာအား စာချုပ်ခေါ်ယူရေး ကြိုးပမ်းမှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း၊ ယခုအခါ အသင်းမှ ဘယ်လာမီ၊ စတီဖင်အိုင်ယာလန်နှင့် ရော့ဆန်တာခရုဇ်တို့အား အစုံထုတ် ရောင်းချရေးကိုသာ အာရုံစိုက်နေကြောင်းသိရသည်။***

## အစ္စတန်ဘူလ် တင်းနစ်ပြိုင်ပွဲ ဘယ်လ်တာချာနိုင်ပွဲရရှိ

*တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပသော အစ္စတန်ဘူလ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ဗြိတိသျှအဆင့်(၁)တင်းနစ်မယ် အဲလီနာဘယ်လ်တာချာက လက်ရှည်မစစ်ဘဲ ယှဉ်ပြိုင်ခွင့်ရသူ အိမ်ရှင်တူရကီနိုင်ငံသူ ကမ္ဘာ့အဆင့်(၁၉၆)ရှိ တင်းနစ်မယ် ကက်ဂလာဘူယူကက်ကေအား ပွဲစဉ်ငယ်နှစ်ပွဲစလုံး ခက်ခက်ခဲခဲယှဉ်ပြိုင်ပြီးမှ အနိုင်ရရှိခဲ့သည်။ ဘယ်လ်တာချာသည် ဘူယူကက်ကေအား ၇-၅၊ ၇-၆ (၇-၄)ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။*

## ဖူလ်ဟမ်နည်းပြအဖြစ် ဒိုနာဒိုနီလုပ်ကိုင်လို

***အီတလီနိုင်ငံသား နည်းပြရောဘတ်တိုဒိုနာဒိုနီသည် လစ်လပ်နေသော ဖူလ်ဟမ်အသင်းနည်းပြအဖြစ် တာဝန်ယူ လုပ်ကိုင်လိုသည့်အတွက် အသင်းနှင့်ဆက်သွယ် ကြိုးစားလျက်ရှိကြောင်း သိရသည်။***

## ဒီဒီယာအား မန်ယူနှင့် ချယ်လ်ဆီး လက်လွှတ်ရဖွယ်

*မန်ယူနှင့်ချယ်လ်ဆီးတို့သည် ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း စတုဂတ် ကွင်းလယ်ကစားသမား ဆာမီခီဒီယာအား စာချုပ်ခေါ်ယူရန် ကြိုးပမ်းနေကြကြောင်း၊ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေး နီးစပ်နေသော ခီဒီယာအား ယင်းအသင်းများက လက်လွှတ်ရဖွယ်ရှိကြောင်း သိရသည်။ ။ (အင်တာနက်)*

## တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး

## ရဲတပ်ဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၉**

တနင်္သာရီတိုင်းရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တနင်္သာရီတိုင်း ရဲတပ်ဖွဲ့မှူးက တိုင်းရဲတပ်ဖွဲ့၏ မှုခင်းလျော့နည်း ကျဆင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**မြို့နယ် သတင်း ထွေထွေ**

## ရွှေတောင်မြို့၌ ပညာသင်စရိတ် ချီးမြှင့်

**ရွှေတောင် ဇူလိုင် ၂၄**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ပွဲ ကို ဇွန် ၂၉ရက် နံနက်၉နာရီက ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ဝန်ထမ်းသား သမီး ၃၂ဦးကိုယ်စား ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဒုတိယဦးစီးမှူး ဦးအောင်ဌေးဝင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အတာတို့ထံ ပညာသင် ထောက်ပံ့ငွေကျပ် ၂၄၆၀၀၀ကို ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၀၉-၂၀၁၀တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သည့် မောင်ဖုန်းမြတ်ဆွေအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၀၀၀၀ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## မင်းတုန်း၌ စီမံကိန်းတာဝန်ပေးအပ်

**မင်းတုန်း ဇူလိုင် ၂၈**

သရက်ခရိုင် မင်းတုန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇွန် ၃၀ရက် နံနက် ၁၀နာရီက ၂၀၁၀-၂၀၁၁ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသာညွန့်က ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၇၂ အုပ်စုသို့ စီမံကိန်းတာဝန်ပေးအပ်သည်။

**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**



## ကျောက်ဆည်မြို့၌ အလှူငွေလွှဲပြောင်းပေးအပ်

**စာကြည့်တိုက်ဆောက်လုပ်ရန်အတွက်**

**ကျောက်ဆည် ဇူလိုင် ၁၈**

ကျောက်ဆည်မြို့နယ် သင်တောင်းကျေးရွာအုပ်စု တောင်လွှဲကျေးရွာတွင် စာကြည့်တိုက်အတွက် အလှူငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁ရက် မွန်းလွဲ ၁နာရီက ကျောက်ဆည်မြို့ မြင်းစိုင်းခန်းမ၌ ကျင်းပသည်။

**လွှဲပြောင်းပေးအပ်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက် လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေများကို စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ်သည်။

**(အောက်ပုံ)**

**ရှင်းလင်းပြောကြား**

ထို့နောက် ကော်မတီဥက္ကဋ္ဌက စာကြည့်တိုက် ဆောက်လုပ်မည့် လုပ်ငန်းများ၊ ကျေးရွာမှ ဆောင်ရွက်ထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## တမန်းနှိုး၊ ဓာတ်မြေဩဇာကြဲပက်ပွဲ ပြည်မြို့နယ်၌ ကျင်းပ

**ပြည် ဇူလိုင် ၂၇**

ပြည်မြို့နယ် ကြခတ်ကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ ကွင်းအမှတ်(၁၄၈/က) ဦးပိုင်အမှတ်(၇၂) တောင်သူဦးမင်းမင်း၏ ဆင်းသွယ်လတ် စပါးသုံးဧက စိုက်ခင်း၌ ဇူလိုင် ၂၄ရက်က ကျင်းပသော တမန်းနှိုး၊ ပေါင်းလိုက်၊ ဓာတ်မြေဩဇာ ကြဲပက်ပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်ကြည့်ရှု အားပေးသည်။ ရှေးဦးစွာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် မြို့နယ်စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာတို့က မိုးစပါးစိုက်ပျိုး ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

**ဖြည့်ဆည်းပေး**

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့်သည် ကျေးရွာအုပ်စုအတွင်းမှ တောင်သူများနှင့် တရင်းတနှီးတွေ့ဆုံပြီး မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သံတွဲမြို့၌ ကျင်းပ

**သံတွဲ ဇူလိုင် ၂၂**

သံတွဲခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်သစ်တောဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၅ရက် နံနက် ၇နာရီက ရှေ့ကျောင်းပြင်ကျေးရွာအုပ်စု ခြံပြင်ကျေးရွာအနီး၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ သံတွဲခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

**စုပေါင်းစိုက်ပျိုး**

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ပျိုးပင်များ ပေးအပ်သည်။ ဆက်လက်၍ ကျွန်းပင်၃၅၀၊ ပျဉ်းကတိုးပင်၁၀၀၀၊ မဲဇလီပင် ၃၅၀ နှင့် ယူကလစ်ပင် ၄၅၀ စုစုပေါင်းအပင် ၂၁၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**





**မုံရွာမြို့ ညောင်တပင်လမ်းတွင် ဈေးရောင်းချနေမှုကို ဇူလိုင် ၇ရက်က စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဈေးအကျိုးတော်ဆောင်များ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## ကွန်ကရစ်တိုင်အတွက်ငွေလှူ

**ရန်ကုန် ဇူလိုင် ၂၉**

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ညောင်ဦးမြို့နယ် မြို့ကုန်းရပ်ကွက်၌ စတင်တည်ဆောက်လျက်ရှိသော ၉၉၀၀ အရဟံခံတန်ဆောင်းကြီး ကွန်ကရစ်တိုင်တစ်လုံးအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၄ရက်က ဆီမီး ၉၉၀၀ ရုံး၊ စုပေါင်းရုံးဝင်း အင်းစိန်၌ကျင်းပသည်။ အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် နဝရတ်လမ်းနေ ဦးမောင်မောင်ကြီး-ဒေါ်ကြင်သန်း မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း(သတင်းထောက်စဉ့်ကူစိုးဝင်း)နှင့် အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) တို့က လက်ခံယူသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

လှူဒါန်းလိုသူများသည် ဖုန်း-၆၄၃၈၂၆၊ ၀၉-၅၀၆၆၅၀၀၊ ၀၉-၅၀၈၁၉၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၁၁၃)**

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**



### မြေယာရှင်းအလှ

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ရေလဲလမ်းဆုံ မြေယာရှင်းအလှဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြေပြုပြင်ခြင်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဇူလိုင် ၂၉ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့် ပြုလိုက်သည်။ *စာမျက်နှာ ၃ ကော်လံ ၃* ○

## တိုင်းရေ၏ ခမ်းနားထည်ဝါသော နေ့ရက်များ

➤ သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံ - သာဥာဏ်(သတင်းစဉ်)နှင့် ဝင်းမောင်မောင်
➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၂၉

၂၀၁၀ ခုနှစ် ဇူလိုင် ၂၂ရက်။

ဟသ်ာတဘူတာမှ ဇလွန်ဘူတာသို့ ထွက်ခွာလာသော အထူးရထားကြီးသည် ဟသ်ာတ- ဇလွန်ရထားလမ်းပိုင်း ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဒေသခံပြည်သူများကိုတင်ဆောင်၍ တငြိမ့်ငြိမ့်ခုတ်မောင်းနေသည်။ အထူးရထားကြီး ဖြတ်သန်းခုတ်မောင်းရာ လမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများသည် အိုးစည်ဗုံမောင်းများ၊ ကရင်ဒုံးယိမ်းအကတို့ဖြင့် လှိုက်လှဲစွာ တပျော်တပါး ကြိုဆို နှုတ်ဆက်နေကြ၏။ ကောက်စိုက်လုံမပျိုတို့ကလည်း လုပ်ငန်းခွင်မှ လက်များဝှေ့ယမ်း၍ နှုတ်ဆက်ကြ၏။ အချို့ကား ကခုန်၍ပင် အပျော်လွန်ကဲကြ၏။ *စာမျက်နှာ ၉ ကော်လံ ၃* ✳

**မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသည့် ရာဇဒိုင်တံတားအမှတ်(၁)ကြီးက ဧရာဝတီတိုင်းသားတို့အတွက် တန်ဖိုးမဖြတ်နိုင်....။**



30-7 (20).pmd 1 7/30/2010, 2:23 AM